# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၁ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )

**ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို ရယူရမည်။

(ခ) အိမ်များရှိ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈) နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီအား စုစည်း၍ စာရင်းပြုစုထားရှိရမည်။

(ဂ) ပုဒ်မ ၅ ပါ အရည်အချင်းနှင့်ပြည့်စုံသော အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုသော ပုဂ္ဂိုလ်၏ အမည်စာရင်းကို တင်သွင်းစေပြီး ယင်းတို့၏အမည်စာရင်းကို ပြုစုရမည်။

(ဃ) ပုဒ်မခွဲ (ဂ) စာရင်းပါ ပုဂ္ဂိုလ်များကို အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈) နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ် (၁၀) ဦးစီမှ အုပ်ချုပ်ရေးမှူးအဖြစ် ထောက်ခံကြောင်း လက်မှတ်တောင်းခံပြီး ရရှိသော အမည်စာရင်းကို ပြုစုရမည်။

(င) ပုဒ်မခွဲ (ဃ) အရ ပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈) နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်အားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကို ရေတွက်၍ ကြေညာရမည်။

(စ) ပုဒ်မခွဲ (င) အရ ရွေးချယ်ရရှိသော ဦးစားပေးအစီအစဉ်ကို ပြုစုပြီး လျှို့ဝှက်ဆန္ဒမဲ အများဆုံးရရှိသော ပုဂ္ဂိုလ်၏အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် )

**စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၂) ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့်

ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

**ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း**

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၁ | ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ယင်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| ၂ | သဘာဝသစ်တောများကို စီမံခန့်ခွဲ ထိန်းသိမ်းမှုလုပ်ငန်း |
| ၃ | ကျောက်စိမ်း/ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၄ | ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း |
| ၅ | လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်း |
| ၆ | လျှပ်စစ်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း |
| ၇ | လေကြောင်းထိန်းသိမ်းကွပ်ကဲ လမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း |
| ၈ | မြစ်ကြောင်းရေလမ်းနယ်မြေအတွင်း ရွှေအပါအဝင် သတ္တုသယံဇာတ တူးဖော်ခြင်းလုပ်ငန်း |
| ၉ | ရေကြောင်းပြလုပ်ငန်း |
| ၁၀ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပုံနှိပ်မီဒီယာလုပ်ငန်း (Print Media) နှင့် ရေဒီယိုရုပ်သံလွှင့်မီဒီယာလုပ်ငန်း (Broadcasting Media) နှစ်ခုကို ပူးတွဲလုပ်ကိုင်ခြင်းလုပ်ငန်း |
| ၁၁ | မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ်စာနယ်ဇင်း၊ ပုံနှိပ်ဖြန့်ချိခြင်းဆိုင်ရာ လုပ်ငန်းများအားလုံး |

**နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း**

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၁ | စပ်မျိုးစေ့များထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ |
| ၂ | အထွက်တိုးမျိုးများနှင့် နိုင်ငံတွင်းဒေသခံမျိုးများ သန့်စင်ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ |
| ၃ | ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲအမျိုးမျိုး၊ ကြာဇံ၊ မြူစွမ် စသည့် အခြားနှံစားသီးနှံထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၄ | သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၅ | နို့နှင့် နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၆ | မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့် ယမကာပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၇ | အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သောပစ္စည်း ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်းစသည့် လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ |
| ၈ | ရေသန့် ရေခဲအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၉ | သောက်ရေသန့်လုပ်ငန်းများ |
| ၁၀ | ကြိုးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၁ | ကြွေရည်သုတ်ပစ္စည်းများ၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်းစသည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၂ | ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၃ | ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၄ | ထုပ်ပိုးခြင်းလုပ်ငန်း |
| ၁၅ | သားရေတုမှအပ သားရေစိမ်း၊ သားရေအမျိုးမျိုးနှင့် သားရေဖြင့်ပြုလုပ်သော ဖိနပ်၊ လက်ကိုင်အိတ်စသည်များ အပါအဝင် သားရေပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၁၆ | မှိုင်းခံစက္ကူ ဖယောင်းစက္ကူ ရေအိမ်သုံးစက္ကူ စသည်များ အပါအဝင် စက္ကူအမျိုးမျိုး ထုတ်လုပ်ခြင်း၊ စက္ကူကုန်ကြမ်းထုတ်လုပ်ခြင်း၊ စက္ကူနှင့် ကတ်ထူစက္ကူများဖြင့် ပြုလုပ်သည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၇ | ပြည်တွင်းသဘာဝသယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း (ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများမပါ) |
| ၁၈ | မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့နှင့် အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း (ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများမပါ) |
| ၁၉ | ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသော ဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၂၀ | လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulphuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၂၁ | စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၂၂ | ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်း |
| ၂၃ | အသေးစားနှင့်အလတ်စားဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ |
| ၂၄ | နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း/အပန်းဖြေနေရာများ ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း |
| ၂၅ | လူနေအိမ်ခန်း အဆောက်အအုံ/စုပေါင်းပိုင် အဆောက်အအုံတည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း |
| ၂၆ | ရုံးခန်း/စီးပွားရေး အဆောက်အအုံ တည်ဆောက်၍ ပြန်လည်ရောင်းချခြင်းလုပ်ငန်း |
| ၂၇ | စက်မှုဇုန်များနှင့် ဆက်စပ်သော လူနေဧရိယာများ၌ လူနေအိမ်ခန်းအဆောက်အအုံများ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း |
| ၂၈ | ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာဆောက်လုပ်တည်ထောင်ခြင်းလုပ်ငန်း |
| ၂၉ | ပြည်တွင်းလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း |
| ၃၀ | နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း |

## သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

### (က) သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|---|
| (၁) | | (၂) |
| ၁ | | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ပျားနှင့်ပျားထွက်ပစ္စည်းလုပ်ငန်း |
| | ၂ | ငါးဖမ်းပိုက်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်း |
| | ၃ | ငါးချဆိပ်ကမ်း၊ ငါးလေလံဈေးတည်ဆောက်ရေးလုပ်ငန်း |
| | ၄ | မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ |
| | ၅ | ပင်လယ်ငါးဖမ်းလုပ်ငန်း |
| | ၆ | ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်း |
| | ၇ | တိရစ္ဆာန်နှင့် ငါးမျိုးစိတ်များအား ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၈ | ရေချို/ရေငန်ငါးပုစွန်မွေးမြူရေးလုပ်ငန်း |
| ၂ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည့် လုပ်ငန်းများ** |
| | ၁ | အမျိုးသားဥယျာဉ်လုပ်ငန်း |
| | ၂ | သဘာဝအခြေခံခရီးသွားလုပ်ငန်း |
| | ၃ | ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ |
| | ၄ | သစ်တောနယ်မြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော) တွင် နှစ်ရှည်ငှားရမ်းပြီး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း |
| | ၅ | မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောပစ္စည်း (Genetically Modified Organism) နှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်း (Living Modified Organism) များကို ပြည်ပမှ စီးပွားရေးအလို့ငှာ တင်သွင်း၍ ထပ်မံမျိုးပွားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| | ၆ | အဖိုးတန်သော၊ ရှားပါးသော သစ်မျိုးများ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တစ်သျှူးမွေးမြူထုတ်လုပ်ခြင်း အစရှိသည့် သစ်တောကဏ္ဍ အဆင့်မြင့် နည်းပညာသုတေသနလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ |
| | ၇ | သစ်တောကဏ္ဍ အဆင့်မြင့်နည်းပညာ၊ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ |
| | ၈ | သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရက စီမံပိုင်ခွင့်ရှိသည့် မြေတွင် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၉ | သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်များကို စီးပွားရေးအလို့ငှာ ပြည်ပမှ တင်သွင်း၍ မွေးမြူ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ ဖြန့်ဖြူးတင်ပို့ရောင်းချခြင်းလုပ်ငန်း |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|---|
| (၁) | | (၂) |
| ၃ | | **စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | အဖျော်ယမကာ၊ ဘီလပ်ရည်နှင့် အခြားဖျော်ရည်များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| | ၂ | ဟင်းချိုမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၃ | ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးကုသရာ၌ အသုံးပြုသော ဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၄ | | **ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း |
| | ၂ | ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများတည်ထောင်ဖွင့်လှစ်ခြင်း |
| | ၃ | သင်္ဘောကျင်းလုပ်ငန်းများ |
| | ၄ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေများတွင် ဆောင်ရွက်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများ |
| ၅ | | **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည့် လုပ်ငန်း** |
| | ၁ | ပြည်တွင်းပြည်ပ စာပို့တိုက်လုပ်ငန်း |
| ၆ | | **ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | ပုဂ္ဂလိကဆေးရုံလုပ်ငန်း |
| | ၂ | ပုဂ္ဂလိကဆေးခန်းလုပ်ငန်း |
| | ၃ | ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း |
| | ၄ | ပုဂ္ဂလိကဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း |
| | ၅ | ရောဂါကာကွယ်ဆေးနှင့် စမ်းသပ်ပစ္စည်းထုတ်လုပ်မှု သုတေသနလုပ်ငန်း |
| | ၆ | ပုဂ္ဂလိကဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း |
| | ၇ | တိုင်းရင်းဆေးဝါး ကုန်ကြမ်း (ပရဆေးပစ္စည်း) ရောင်းဝယ်ရေးလုပ်ငန်း |
| | ၈ | တိုင်းရင်းဆေးဘက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၉ | တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲလုပ်ငန်း |
| | ၁၀ | တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၁၁ | တိုင်းရင်းဆေးရုံလုပ်ငန်း |
| ၇ | | **ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ** |
| | ၁ | နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ်သတင်းစာများ |
| | ၂ | FM ရေဒီယို အစီအစဉ်များ |
| | ၃ | Direct To Home (DTH) လုပ်ငန်း |
| | ၄ | DVB-T 2 လုပ်ငန်း |
| | ၅ | Cable TV လုပ်ငန်း |
| | ၆ | ရုပ်ရှင်ကားထုတ်လုပ်ခြင်းလုပ်ငန်း |
| | ၇ | ရုပ်ရှင်ပြသခြင်းလုပ်ငန်း |

## (ခ) အခြားကန့်သတ်ချက်ဖြင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်း

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းများ တင်သွင်း/တင်ပို့၊ သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သိုလှောင်ကန်များ၊ ဆီတင်ဆီချဆိပ်ခံတံတားများ၊ ပိုက်လိုင်းများ၊ ဆက်စပ်စက်ကိရိယာပစ္စည်းများနှင့်အဆောက်အဦများကို တည်ဆောက်တပ်ဆင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၂ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ဘူမိ၊ ဘူမိရူပ၊ ဘူမိဓာတု နည်းပညာတို့ဖြင့် လေ့လာစမ်းသပ်ရှာဖွေခြင်း၊ အဓိပ္ပာယ်ဖော်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၃ | ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ခြင်း/ထုတ်လုပ်ခြင်း/ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၄ | ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း၊ ပိုက်လိုင်းကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည့် စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| ၅ | ကမ်းလွန်ပလက်ဖောင်းစင်အမျိုးအစား အမျိုးမျိုး တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်စက်များ၊ ပစ္စည်းကိရိယာများ၊ အရန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၆ | ရေနံဓာတုဗေဒစက်ရုံအမျိုးအစား အမျိုးမျိုး အသစ်တည်ဆောက်တပ်ဆင်ခြင်း၊ စက်ရုံအဟောင်းများကို ရင်းနှီးမြှုပ်နှံမှုဖြင့် မွမ်းမံပြုပြင်တည်ဆောက် တပ်ဆင်ခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာနနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။ |
| | ၇ | စီးကရက်ထုတ်လုပ်ခြင်းလုပ်ငန်း | ပြည်တွင်း ဆေးရွက်ကြီးများအား ပထမ (၃) နှစ် ၅၀ ရာခိုင်နှုန်းအသုံးပြုခြင်း (သို့မဟုတ်)ပြည်တွင်း ဆေးရွက်ကြီးများ ပြည်ပသို့ ရောင်းချခြင်းမှ ရရှိသောဝင်ငွေဖြင့် ဝယ်ယူရရှိသော ကုန်ကြမ်းကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း အသုံးပြုထုတ်လုပ်ရမည်။ ပြည်ပသို့ ၉၀ ရာခိုင်နှုန်းတင်ပို့ရမည်။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်တွင် ပြည်တွင်း ကုန်ကြမ်းအသုံးပြုမည့် အစီအစဉ်ဇယားနှင့် ပြည်ပတင်ပို့မည့် အစီအစဉ်ဇယား ထည့်သွင်းတင်ပြရမည်။ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၈ | ပေါက်ကွဲနိုင်သော ဓာတုပစ္စည်းများ (TNT, Nitro-glycerin, Ammonium Nitrite) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |
| | ၉ | အလိုအလျောက်မီးလောင်သော အရည်၊ အခဲများ (Titanium Powder) ကိုယ်တိုင် အပူထွက်သည့် ဓာတုပစ္စည်းများ (Potassium Sulfide)၊ အပူကြောင့် ဓာတ်ပြိုကွဲလွယ်သည့် ပစ္စည်းများနှင့် ရေနှင့်ထိတွေ့လျှင် မီးလောင်လွယ်သော ဓာတ်ငွေ့ထုတ်လွှတ်သောအရာများ(Calcium Phosphide) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |
| | ၁၀ | ကောက်ပဲသီးနှံများအား လိုအပ်သည့် သွင်းအားစုများအား တင်သွင်းအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း | တန်ဖိုးမြှင့် Value-added ပစ္စည်းများ ထုတ်လုပ်ခြင်းကိုသာ ခွင့်ပြုမည်။<br>နိုင်ငံခြားသားအစုရှယ်ယာပါဝင်မှုကို ၄၉ ရာခိုင်နှုန်းအထိ အများဆုံးခွင့်ပြုမည်။<br>ကုန်သွယ်မှု ပြည်တွင်း/ပြည်ပရောင်းချမှုကို အဆိုပါဖက်စပ်ကုမ္ပဏီ၏ ထုတ်လုပ်မှုအပေါ်တွင် ခွင့်ပြုပေးမည်။<br>ပြည်ပတင်ပို့မှု ဆောင်ရွက်ရာတွင် စပါးတင်ပို့မှုကို ပင်လယ်ရေကြောင်းမှဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှုမှဖြစ်စေ လုံးဝခွင့်မပြုပါ။ |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၁ | E-Lottery လုပ်ငန်း | ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၁၂ | မြို့သစ်ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၁၃ | မြို့ပြပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်ရယူဆောင်ရွက်ရမည်။<br>အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၁၄ | ရထားလမ်း/ဘူတာ/အဆောက်အဦများ အသစ် တည်ဆောက်ခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက် ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၁၅ | ရထားပြေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက် ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၁၆ | ရထားစက်ခေါင်း/လူစီးတွဲ၊ ကုန်တွဲနှင့် စက်အရန် ပစ္စည်းများ တည်ဆောက်ထုတ်လုပ် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက် ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၁၇ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေများအတွင်း Fibre Optic Cable သွယ်တန်းခြင်း၊ တာဝါတိုင် တည်ဆောက်ခြင်း၊ စက်ခန်းများတည်ဆောက်ခြင်း လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက် ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၁၈ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေများနှင့် အဆောက်အဦများကို စီးပွားရေးအလို့ငှာ အဆင့်မြင့်အသုံးချခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက် ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက် ရယူဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၉ | ရထား/မော်တော်ယာဉ်တို့ဖြင့် ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာန/အဖွဲ့အစည်း (ဌာနနှင့် ပုဂ္ဂလိက) နှင့် ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၂၀ | မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်း၊ မော်တော်ယာဉ် မောင်းနှင်ခြင်းသင်တန်း၊ စက်ပြင်သင်တန်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာန/အဖွဲ့အစည်း (ဌာနနှင့် ပုဂ္ဂလိက) နှင့် ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၂၁ | ရထားလုပ်ငန်းအတွက် အသုံးပြုမည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်။<br>သက်ဆိုင်ရာလုပ်ငန်း/ဌာနနှင့် ဖက်စပ်ဆောင်ရွက်ခွင့်ပြုသည်။<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |

၂။ ဤအမိန့်ကြော်ငြာစာတွင် ပါဝင်ခြင်းမရှိသော စီးပွားရေးလုပ်ငန်းအမျိုးအစားများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းအပြည့်ဖြင့် ဆောင်ရွက်နိုင်သည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဇေယျာအောင်၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် )

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ သတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

| **အမှတ်စဉ်** | **စီးပွားရေးလုပ်ငန်းအမျိုးအစား** |
|---|---|
| (၁) | (၂) |
| ၁ | ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၂ | ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ သို့မဟုတ် ရေနံဓာတုဗေဒစက်ရုံ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်း |
| ၃ | အကြီးစားဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ရေအားလျှပ်စစ်နှင့် အခြားအကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ မဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | ရေနံပိုက်လိုင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်သွယ်တန်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | အကြီးစား မြစ်ကူးတံတား၊ ခုံးကျော်တံတား၊ အဝေးပြေးလမ်းမ၊ ရထားလမ်း၊ ဆိပ်ကမ်းလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ လေဆိပ်၊ လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်း၊ ရေသွယ်မြောင်းကြီးများ ရှည်လျားစွာ တူးဖော်သွယ်တန်းခြင်း၊ အကြီးစား မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၇ | ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၈ | ဘက်ထရီထုတ်လုပ်ခြင်းလုပ်ငန်း |
| ၉ | အကြီးစားစက္ကူပျော့ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၀ | အကြီးစားချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းနှင့် ဆေးဆိုးခြင်းနှင့် အထည်အချောကိုင်ခြင်းလုပ်ငန်း |
| ၁၁ | သံ၊ သံမဏိနှင့် သတ္တုအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၂ | ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၃ | အရက်၊ ဘီယာ၊ အရက်ပြန် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၄ | ရေနံ/စက်သုံးဆီအမျိုးမျိုး/ဓာတ်မြေဩဇာ/ဖယောင်း/အရောင်တင်ဆီအမျိုးမျိုး ထုတ်လုပ်ခြင်းများ အပါအဝင် ရေနံဓာတုဗေဒလုပ်ငန်း |

| အမှတ်စဉ် | **စီးပွားရေးလုပ်ငန်းအမျိုးအစား** |
|---|---|
| (၁) | (၂) |
| ၁၅ | သကြားစက် အပါအဝင် အကြီးစား စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၆ | သားရေထည်၊ ရော်ဘာပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၇ | အကြီးစား ရေချို၊ ရေငန် ငါး၊ ပုစွန်နှင့် ရေသတ္တဝါ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၈ | အကြီးစားသစ်အခြေခံ စက်မှုလုပ်ငန်း |
| ၁၉ | အကြီးစားအိမ်ရာ စီမံကိန်း၊ စက်မှုဇုန် တည်ဆောက်ခြင်းလုပ်ငန်း |
| ၂၀ | အကြီးစားဟိုတယ်နှင့် ခရီးသွား အပန်းဖြေနေရာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း |
| ၂၁ | ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်း သုတေသနဆိုင်ရာနှင့် ထင်ရှားသော ပထဝီဝင်ဆိုင်ရာ အထိမ်းအမှတ် နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၂ | ရေတိမ်ဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၃ | ထိခိုက်ပျက်စီးလွယ်သော ဂေဟစနစ်တည်ရှိရာ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၄ | အမျိုးသားဉယျာဉ်၊ သဘာဝဘေးမဲ့တောနှင့် ကာကွယ်ထားသောနေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၅ | မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် တိရစ္ဆာန်နှင့် အပင်များနှင့် ယင်းတို့၏ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၆ | ဆိုင်ကလုန်းမုန်တိုင်းများ၊ လေပြင်းမုန်တိုင်းများ ကျရောက်လေ့ရှိပြီး ရေကြီးရေလျှံခြင်း ဖြစ်ပွားလေ့ ရှိသည့် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စသည့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၇ | အများပြည်သူသောက်သုံးရေအတွက် အဓိကအရင်းအမြစ်နေရာများ၊ ရေကန်ကြီးများနှင့် ရေလှောင်ကန်ကြီးများ၏ အနီးပတ်ဝန်းကျင်နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၈ | အပန်းဖြေအနားယူရန် သတ်မှတ်ထားသည့် နေရာများ၊ ပုလဲမွေးမြူထုတ်လုပ်သည့်နေရာနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၉ | စိုက်ပျိုးမြေဧရိယာပမာဏ များပြားစွာ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း |
| ၃၀ | အကြီးစားသစ်တောစိုက်ခင်းနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်း |

ဖေဖြယ်ာအောင်၊
ဉက္ကဋ္ဌ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (ည) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဍ) တို့အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

**၁။ အကောက်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် မပေးသော လုပ်ငန်းများအုပ်စု**

| အမှတ်စဉ် | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
|---|---|
| (က) | အရက်၊ ဘီယာ၊ စီးကရက်နှင့် အလားတူ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| (ခ) | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ရောင်းချသည့်လုပ်ငန်းများ |
| (ဂ) | ယာဉ်ပြင်ဆင်မှုနှင့် အလားတူ ဝန်ဆောင်မှုလုပ်ငန်းများ |
| (ဃ) | နိုင်ငံသားများကောင်းစွာလုပ်ကိုင်နိုင်သည့် နည်းပညာမမြင့်မားဘဲ ရင်းနှီးမြှုပ်နှံမှုပမာဏအနည်းငယ်ဖြင့် ဆောင်ရွက်သည့် စက်မှုလုပ်ငန်းများ (လုပ်သားအင်အား အများအပြား အသုံးပြုသည့် လုပ်ငန်းများမပါ) |
| (င) | သစ်တောနယ်မြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော) အား နှစ်ရှည်ငှားရမ်းပြီး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ သစ်တောခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း |
| (စ) | သဘာဝအရင်းအမြစ်တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ (ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းမပါ) |
| (ဆ) | အဆောက်အအုံဆောက်လုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းများ |
| (ဇ) | ယာဉ်၊ စက်ယန္တရား ငှားရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| (ဈ) | စားသောက်ဆိုင်နှင့် အစားအသောက် ရောင်းချသည့် လုပ်ငန်းများ |

၂။ နို့နှင့်နို့ထွက်ပစ္စည်းနှင့် သက်ဆိုင်သော စားသောက်ကုန်လုပ်ငန်းများကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်မပေးဘဲ အကောက်ခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးမည့်လုပ်ငန်းအဖြစ် သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာပါ ကိစ္စရပ်များသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ကော်မရှင်က ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သာ သက်ဆိုင်စေရမည်။

ဇေယျာအောင်၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးတို့အား လက်ရှိရုံး၌ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဝန်ထမ်းအမှတ် | အမည် |
|---|---|---|
| (၁) | ၀၁၈၈ | ဦးတင့်လွင် |
| (၂) | ၀၁၇၆ | ဦးဘိုမြင့် |
| (၃) | ၀၉၄ | ဒေါ်မေကြည် |

ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

အမှတ် ၃၃ ။ ။ ၁၉၉၈ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ (၂၃) နှင့် (၂၄) အရလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရခိုင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်သည် -

**ရခိုင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမင်းချစ်ဦး — ဥက္ကဋ္ဌ
ပြည်နယ်အုပ်ချုပ်ရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဒုတိယရဲမှူးကြီးအောင်ကျော်ဦး — အဖွဲ့ဝင်
ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး
ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးကျော်သန့်လွင် — အဖွဲ့ဝင်
ပြည်နယ်အခွန်ဦးစီးမှူး
ရခိုင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးမျိုးသန့် — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးစံရွှေမောင် — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ
ပြည်နယ်ဥပဒေချုပ်ရုံး

(စ) ဦးဝင်းမြိုင် — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးဦးဘစော — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဇ) ဦးကျော်ဇေယျ — အတွင်းရေးမှူး
ဌာနခွဲမှူး (လုပ်ငန်းစု)
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

အမှတ် ၃၄ ။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၄) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ အင်ဂျင်နီယာမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးစန်းလှိုင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

အမှတ် ၃၅ ။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၄) မှ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ အင်ဂျင်နီယာမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးမြတ်စိုးအောင်အား ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး ဆေးစစ်ဆေးရေးအဖွဲ့၏ ဆေးထောက်ခံချက်အရ ၂၀၁၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နာမကျန်းပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

အမှတ် ၃၆။ ။ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀- ၁၉၀,၀၀၀) ဦးသိန်းနိုင်အား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်တွင် လစ်လပ်လျက် ရှိသော စာတည်းမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၃၇။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးဌေးလွင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့အထိ) ငြင်းပယ်လိုက်သည်။

အမှတ် ၃၈။ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

အမှတ် ၃၉။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မူပိုင်ခွင့်နှင့်မှတ်ပုံတင်) လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ဦးသိန်းထွန်းအောင်အား နှစ်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

အမျိုးသားအစားအသောက်ဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ နို့စို့ကလေးနှင့် ကလေးငယ်များအား မိခင်နို့ရည်တိုက်ကျွေးခြင်းကို အထောက်အကူပြုရန်၊ မိခင်နို့ရည်အစားထိုးအစာများကို အမှန်တကယ် လိုအပ်ချိန်တွင် အာဟာရပြည့်မီစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်စေရန်၊ သင့်လျော်သည့် ဖြည့်စွက်စာကို တိုက်ကျွေးတတ်စေရန်နှင့် ယင်းတို့နှင့်သက်ဆိုင်သော မှန်ကန်သည့် သတင်းအချက်အလက် များကို ပြည်သူလူထု သိရှိကျင့်သုံးနိုင်စေရန်တို့အပြင် ဖော်စပ်ထုတ်လုပ်ထားသည့် မိခင်နို့ရည် အစားထိုး အစာများနှင့် ဖြည့်စွက်စာများကို ဈေးကွက်တင်နိုင်ရန်အလို့ငှာ ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေး အတွက် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်**

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤအမိန့်ကို နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နို့စို့ကလေး**ဆိုသည်မှာ အသက် ၆ လအောက်ကလေးကို ဆိုသည်၊

(ခ) **ကလေးငယ်**ဆိုသည်မှာ အသက် ၆ လမှ ၂ နှစ်ထိကလေးကို ဆိုသည်၊

(ဂ) **မိခင်နို့ရည်အစားထိုးအစာ**ဆိုသည်မှာ မိခင်နို့ရည်ကို လုံးဝဥဿုံသော်လည်းကောင်း၊ တစ်စိတ် တစ်ပိုင်းသော်လည်းကောင်း အစားထိုးရန် ဖော်စပ်ထုတ်လုပ်ထားသည့် သို့မဟုတ် အလားတူ ရည်ရွယ်ချက်ဖြင့် စီမံပြုလုပ်ထားသည့် မည်သည့် အစားအသောက်ကိုမဆို ဆိုသည်၊

(ဃ) **နို့စို့ကလေးအတွက်ဖော်စပ်စာ**ဆိုသည်မှာ နို့စို့ကလေးအတွက် သင့်လျော်အောင် ဖော်စပ်ထုတ်လုပ် ထားသည့် နို့ရည်၊ နို့မှုန့် သို့မဟုတ် အထူးစီမံထားသည့် အရည်၊ အမှုန့် သို့မဟုတ် အလားတူ ရည်ရွယ်ချက်ဖြင့် ဖော်စပ်ထုတ်လုပ်ထားသည့် မိခင်နို့ရည်အစားထိုးအစာကို ဆိုသည်၊

(င) **ကလေးငယ်အတွက်ဖော်စပ်စာ**ဆိုသည်မှာ ကလေးငယ်အတွက် သင့်လျော်အောင် ဖော်စပ် ထုတ်လုပ်ထားသည့် နို့ရည်၊ နို့မှုန့် သို့မဟုတ် အထူးစီမံထားသည့် အရည်၊ အမှုန့် သို့မဟုတ် အလားတူ ရည်ရွယ်ချက်ဖြင့် ဖော်စပ်ထုတ်လုပ်ထားသည့် မိခင်နို့ရည်အစားထိုးအစာကို ဆိုသည်၊

(စ) **ကျန်းမာရေးအတွက်သီးသန့်ဖော်စပ်စာ**ဆိုသည်မှာ သီးခြားအာဟာရလိုအပ်ချက်ရှိသော နို့စို့ကလေး သို့မဟုတ် ကလေးငယ်အတွက် ယင်း၏ ကျန်းမာရေးအခြေအနေအရပ်ရပ်နှင့် လျော်ညီစွာ သီးသန့်ဖော်စပ်ထုတ်လုပ်ထားသည့် အစားအသောက်ကို ဆိုသည်၊

(ဆ) **ဖြည့်စွက်စာ**ဆိုသည်မှာ မိခင်နို့ရည် သို့မဟုတ် မိခင်နို့ရည် အစားထိုးအစာဖြင့် အာဟာရပြည့်ဝစွာ မရရှိနိုင်သည့် ကလေးငယ်အား ထပ်မံဖြည့်စွက်တိုက်ကျွေးရန်အလို့ငှာ သင့်လျော်အောင် စီမံပြုလုပ်ထားသည့် အစားအသောက်ကို ဆိုသည်၊

(ဇ) **ဖော်စပ်ဖြည့်စွက်စာ**ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ ဖျော်စပ်၍ဖြစ်စေ တိုက်ကျွေးနိုင်စေရန် အရည်၊ အရည်ကျဲ၊ အရည်ပျစ် သို့မဟုတ် အမှုန့်အဖြစ် ဖော်စပ်ထုတ်လုပ်ထားသည့် သို့မဟုတ် အလားတူရည်ရွယ်ချက်ဖြင့် အထူးစီမံဖော်စပ် ထုတ်လုပ်ထားသည့် ဖြည့်စွက်စာကို ဆိုသည်၊

(ဈ) **ဆက်စပ်တိုက်ကျွေးပစ္စည်း**ဆိုသည်မှာ နို့စို့ကလေး သို့မဟုတ် ကလေးငယ်အား တိုက်ကျွေးရာတွင် အသုံးပြုသည့် နို့ဘူး၊ နို့ပုလင်း၊ နို့သီးခေါင်း၊ နှုတ်သီးပါသော နို့သောက်ခွက်၊ ပိုက်တံ/နို့သီးခေါင်း တပ်လျက်ပါရှိသော နို့တိုက်ခွက် စသည့် မိခင်၏ နို့သီးခေါင်းနှင့်အလားသဏ္ဌာန်တူအောင် ပြုလုပ်ထားသောပစ္စည်း၊ ယင်းနှင့်တွဲဖက်သုံးစွဲရသည့်ပစ္စည်း သို့မဟုတ် ယင်းနှစ်မျိုးပေါင်းစပ်ထားသည့်ပစ္စည်းအပြင် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် ပစ္စည်းများကို ဆိုသည်၊

(ည) **ထုတ်လုပ်သူ**ဆိုသည်မှာ နို့စို့ကလေးနှင့် ကလေးငယ်များအတွက် အစားအသောက် သို့မဟုတ် ယင်းနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို ရောင်းချရန်အလို့ငှာ ထုတ်လုပ်ရာတွင် လုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းအဆင့်အားလုံး၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်၊

(ဋ) **ဖြန့်ဖြူးသူ**ဆိုသည်မှာ နို့စို့ကလေးနှင့် ကလေးငယ်များအတွက် အစားအသောက် သို့မဟုတ် ယင်းနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို ရောင်းချရန်အလို့ငှာ လက်ကား သို့မဟုတ် လက်လီ ဈေးကွက်တင်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပမှ တင်သွင်းသူ၊ ပြည်ပသို့ တင်ပို့သူလည်း ပါဝင်သည်၊

(ဌ) **ကျန်းမာရေးဌာန**ဆိုသည်မှာ ကျန်းမာရေးဆိုင်ရာပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ကုသခြင်း သို့မဟုတ် အခြားဝန်ဆောင်မှုပေးခြင်း စသည်တို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ပုဂ္ဂလိကပုဂ္ဂိုလ်၊ ပုဂ္ဂလိကဌာန သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းအပြင် ကလေးသူငယ်ပြုစုပေးသော ဌာနကိုဆိုသည်။ ယင်းစကားရပ်တွင် ဆေးဆိုင်များ အရောင်းဆိုင်များ အကျုံးမဝင်ပါ၊

(ဍ) **ကျန်းမာရေးစောင့်ရှောက်သူ**ဆိုသည်မှာ ပုဂ္ဂလိကကျန်းမာရေးဌာန အပါအဝင် မည်သည့်ကျန်းမာရေးဌာနတွင်မဆို တာဝန်ထမ်းဆောင်နေသော အသက်မွေးဝမ်းကျောင်းပညာနှင့် စပ်ဆိုင်သောသူ၊ မစပ်ဆိုင်သောသူ သို့မဟုတ် စေတနာ့ဝန်ထမ်းလုပ်ကိုင်နေသူကို ဆိုသည်၊

(ဎ) **ကျန်းမာရေးဝန်ထမ်း**ဆိုသည်မှာ အစိုးရက အသိအမှတ်ပြုသည့် သက်ဆိုင်ရာအောင်လက်မှတ်ရှိပြီး ကျန်းမာရေးဆိုင်ရာကာကွယ်ကုသစောင့်ရှောက်ရန် အစိုးရက ခွင့်ပြုထားသည့်သူကို ဆိုသည်၊

(ဏ) **ထုပ်ပိုးပစ္စည်း**ဆိုသည်မှာ အစားအသောက်ထည့်သော၊ ထုပ်ပိုးသော အရာဝတ္ထုတစ်ခုခုကို ဆိုသည်၊ (ဥပမာ - ဘူး၊ စက္ကူ၊ စက္ကူဘူး၊ သံဘူး စသည်)

(တ) **အမှတ်တံဆိပ်**ဆိုသည်မှာ ထုပ်ပိုးပစ္စည်းပေါ်တွင် ပုံနှိပ်၍သော်လည်းကောင်း၊ ဖောင်းကြွစာသားများဖြင့်သော်လည်းကောင်း ရေးသားဖော်ပြထားသည့် သို့မဟုတ် ခိုင်မြဲစွာတွဲကပ်ထားသည့် စာသား၊ တံဆိပ်၊ အမှတ်အသား၊ ရုပ်ပုံ၊ သင်္ကေတ စသည့် ဖော်ပြချက်များကို ဆိုသည်၊

(ထ) **ဈေးကွက်တင်ခြင်း**ဆိုသည်မှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်း၊ ပြည်သူလူထုအတွင်း အသိပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်၊

(ဒ) **နမူနာ**ဆိုသည်မှာ မူလပစ္စည်း၏ အရည်အသွေးကို ကိုယ်စားပြုသောပစ္စည်း သို့မဟုတ် ယင်းပစ္စည်း၏ အစိတ်အပိုင်းကို ဆိုသည်၊

(ဓ) **သတ်မှတ်အစားအသောက်**ဆိုသည်မှာ -

(၁) နို့စို့ကလေးအတွက် ဖော်စပ်စာ

(၂) ကလေးငယ်အတွက် ဖော်စပ်စာ

(၃) ကျန်းမာရေးအတွက် သီးသန့်ဖော်စပ်စာ

(၄) ဖော်စပ်ဖြည့်စွက်စာနှင့်

(၅) မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အစားအသောက်များကို ဆိုသည်။

## အခန်း (၂)
## အရည်အသွေးအာမခံချက်

၃။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းအသီးသီး၏ အရည်အသွေး အာမခံချက်သည် ယင်းနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံမှသတ်မှတ်ထားသော စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစံနှုန်းများ၊ လမ်းညွှန်ချက်များ (Codex Code of Hygienic Practice for foods for Infants and Children,Codex Alimentarius Commission Standardsand Guidelines) နှင့်လည်းကောင်း၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က အခါ အားလျော်စွာ သတ်မှတ်သည့် စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့်လည်းကောင်း ကိုက်ညီရမည်။

၄။ အပိုဒ် ၃ ပါ သက်ဆိုင်ရာ စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီသော အရည်အသွေးအာမခံချက် ရှိသည့် သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းများ ထုတ်လုပ်၊ ဖြန့်ဖြူး သို့မဟုတ် ဈေးကွက် တင်ရာတွင် အမျိုးသားအစားအသောက်ဥပဒေနှင့် ဤအမိန့်ပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၃)
## အမှတ်တံဆိပ်ကပ်ခြင်း

၅။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူသည် အောက်ဖော်ပြပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရမည် -

(က) အမှတ်တံဆိပ် သို့မဟုတ် ထုပ်ပိုးပစ္စည်း၏ အသွင်သဏ္ဌာန်သည် -

(၁) မိခင်နို့တိုက်ကျွေးခြင်းကို ဟန့်တားမှုဖြစ်စေသည့်သဘော မသက်ရောက်စေရ၊

(၂) ဆက်စပ်တိုက်ကျွေးပစ္စည်း တစ်မျိုးမျိုးသုံးစွဲခြင်းကို အားပေးသည့်အမြင်မျိုး မဖြစ်စေရ၊

(၃) သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို တိုက်ကျွေးစေရန် ဆွဲဆောင်သည့်သဘော မဖြစ် စေရ။

(ခ) အမှတ်တံဆိပ်ကို -

(၁) အလွယ်တကူကွာမထွက်နိုင်သော အောက်ခံပေါ်တွင် ရေးသားရမည်၊

(၂) မြန်မာဘာသာဖြင့် ရေးသားရမည်၊

(၃) အငယ်ဆုံးစာလုံးအား အနည်းဆုံး ၁ မီလီမီတာအမြင့်ဖြင့် ရေးရမည်။

(ဂ) ထုပ်ပိုးပစ္စည်းပေါ်တွင်ဖြစ်စေ၊ ထုပ်ပိုးပစ္စည်းအတွင်းတွင်ဖြစ်စေ အောက်ပါအဓိပ္ပာယ်မျိုး သက်ဝင်စေသည့် စာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ ကာတွန်းရုပ်ပြ၊ သရုပ်ဖော်ပုံ သို့မဟုတ် အလားတူဖော်ပြချက်များ မပါရှိစေရ -

(၁) ပါဝင်ပေါင်းစပ်ထားသောပစ္စည်း သို့မဟုတ် ဖြည့်စွက်ထားသောပစ္စည်းများကြောင့် ရရှိနိုင်မည့် ဆေးစွမ်းအာနိသင်၊ ကျန်းမာရေးအားသာချက်၊ သို့မဟုတ် အာဟာရအကျိုးထူးများ သို့မဟုတ် ယင်းနှင့်အလားတူ အဓိပ္ပာယ်သက်ရောက်သော ဖော်ပြချက်များ၊

(၂) 'မိခင်နို့နှင့်တူအောင် ဖော်စပ်ထားသည်'၊ 'မိခင်နို့နှင့် အတူဆုံးဖြစ်သည်' သို့မဟုတ် ယင်းနှင့် အလားတူ အဓိပ္ပာယ်သက်ရောက်သော ဖော်ပြချက်များ၊

(၃) 'ကလေးအတွက် အကောင်းဆုံးအစာ'၊ 'သင့်ကလေး ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးနို့' သို့မဟုတ် ယင်းနှင့်အလားတူ အဓိပ္ပာယ်သက်ရောက်သော ဖော်ပြချက်များ၊

(၄) ကိုယ်ဝန်ဆောင်၊ သန္ဓေသား၊ နို့စို့ကလေး၊ ကလေးငယ်၊ နို့တိုက်မိခင် သို့မဟုတ် မိသားစုပုံများ၊

(၅) ဆက်စပ်တိုက်ကျွေးပစ္စည်း သို့မဟုတ် ယင်းကို ကိုင်တွယ်အသုံးပြုနေသည့် ပုံများ။

၆။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူသည် အပိုဒ် ၅ ဖော်ပြချက်များအပြင် အောက်ဖော်ပြပါ သတ်မှတ်ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရမည် -

(က) အမှတ်တံဆိပ်တွင် သတင်းအချက်အလက်များနှင့် လျော်ကန်သော အသုံးပြုနည်းဆိုင်ရာ အောက်ပါ တို့အပြင် ယင်းနှင့်သက်ဆိုင်သည်များကို ဖော်ပြပါရှိစေရမည် -

(၁) အစားအသောက်အမျိုးအစား၊

(၂) တိုက်ကျွေးနိုင်သည့်အသက်အရွယ်၊

(၃) ပါဝင်ပေါင်းစပ်ထားသည့်ပစ္စည်းများ၊

(၄) အာဟာရတန်ဖိုးခွဲခြမ်းစိတ်ဖြာဖော်ပြချက်၊
(ပရိုတင်းဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်ရရှိနိုင်မှုကို ကိန်းဂဏန်းဖြင့် ဖော်ပြရမည်၊ အင်အားကို ကီလိုဂျိုး သို့မဟုတ် ကီလိုကယ်လိုရီဖြင့် ဖော်ပြရမည်။ ဖျော်စပ်သုံးစွဲရန်ဖြစ်ပါက ဖျော်စပ်ပြီး ၁၀၀ မီလီလီတာ သို့မဟုတ် အသင့်စားသုံးရန်ဖြစ်ပါက အရည်ဖြစ်လျှင် ၁၀၀ မီလီလီတာ၊ အမှုန့်/အဖတ်/အခဲဖြစ်လျှင် ၁၀၀ ဂရမ် သို့မဟုတ် တစ်ယူနစ်၊ တစ်ခါပြင်စာမှ ရရှိနိုင်မည့် အာဟာရများ၏ တန်ဖိုးများနှင့် အထူးဖြည့်စွက်ထားချက်များကို ဖော်ပြရမည်)

(၅) လျော်ကန်သော ပြင်ဆင်ဖျော်စပ်နည်း၊ သိမ်းဆည်းနည်း၊ စွန့်ပစ်နည်း၊

(၆) ထုပ်ပိုး အရွယ်အစား၊ ထုတ်လုပ်သည့် ရက်စွဲ၊ ထုတ်လုပ်သည့်အပတ်စဉ် (Batch No.) နှင့် မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ သိုလှောင်ထားရှိမည့် အခြေအနေများနှင့် ကိုက်ညီသည့် သက်တမ်းကုန်ဆုံးသော ရက်စွဲ သို့မဟုတ် အကောင်းဆုံးစားသုံးရန် ရက်စွဲ၊

(၇) အစားအသောက်အမှတ်တံဆိပ်အမည်၊ ထုတ်လုပ်သူအမည်၊ လိပ်စာ၊ ထုတ်လုပ်သည့်နိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချသူ၏ လိပ်စာအပြည့်အစုံ၊

(၈) မလျော်ကန်သော ပြင်ဆင်ဖျော်စပ်ခြင်း၊ သိမ်းဆည်းခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဘေးအန္တရာယ်များ။

(ခ) ဖျော်စပ်သုံးစွဲရန်ဖြစ်ပါက အမှတ်တံဆိပ်တွင် အောက်ပါ သတင်းအချက်အလက်များကို ရှင်းလင်း နားလည်လွယ်သော မြန်မာဘာသာဖြင့် ရေးသားထားရမည် -

(၁) သောက်ရေသန့်ကို ဆူပွက်စေပြီး ဖျော်စပ်ချိန်တွင် ကြက်သီးနွေး (အပူချိန် ၇၀° C) ရှိနေသော ရေနွေးဖြင့်သာ ဖျော်စပ်ရန်နှင့် ဖျော်စပ်ပြီး အအေးခံရန်၊

(၂) ပူးတွဲပါရှိသော ဇွန်းဖြင့်သာ ခြင်တွယ်ရန်၊

(၃) ဖျော်စပ်ပုံအဆင့်ဆင့်တွင် ညွှန်ပြပါရှိသည့်အတိုင်း ဖျော်စပ်ရန်၊

(၄) တစ်ကြိမ်စာသာ ဖျော်စပ်တိုက်ကျွေးရန်၊

(၅) ဖျော်စပ်ပြီးလက်ကျန်ကို သတ်မှတ်ချိန် (နာရီဖြင့် ဖော်ပြရမည်) ကျော်လွန်ပါက စွန့်ပစ်ရန်၊

(၆) ကလေးကို ရင်ခွင်တွင်ထားရှိပြီး မတ်မတ်အနေအထားနှင့် တိုက်ကျွေးရန်၊

(၇) ဖျော်စပ်ပြီးအစားအသောက်ကို သန့်ရှင်းသော ဇွန်း၊ ခွက်တို့ဖြင့်သာ တိုက်ကျွေးရန်၊

(၈) ဖော်စပ်တိုက်ကျွေးပစ္စည်းများကို စနစ်တကျမသန့်စင်ပါက ကျန်းမာရေးဘေးအန္တရာယ်များ ပေါ်ပေါက်တတ်ကြောင်း သတိပေးချက်။

၇။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူသည် အပိုဒ် ၅ နှင့် အပိုဒ် ၆ ဖော်ပြချက်များအပြင် သက်ဆိုင်ရာ အစားအသောက်အမျိုးအစားအလိုက် အောက်တွင် ယှဉ်တွဲဖော်ပြထားသည့် သက်ဆိုင်ရာအချက်များကို 'အထူးသတိပြုရန်' ဟူသော ပိုမိုပေါ်လွင်သည့် အနီရောင်စာသား ခေါင်းစဉ်နှင့်အတူ စာလုံးမည်းများဖြင့် ထင်ရှားစွာ ထည့်သွင်းဖော်ပြပေးရမည် (စာလုံးမည်းကို အဖြူရောင်အောက်ခံတွင် အနက်ရောင်ဖြင့် ရေးသားရမည်၊ ၄၀၀ ဂရမ်ဆံ့ထုပ်ပိုးပစ္စည်းတွင် စာလုံးမည်း၏ အငယ်ဆုံးစာလုံးသည် အနည်းဆုံး ၃ မီလီမီတာအမြင့်ရှိရမည်၊ ယင်းကို အခြေခံ၍ ထုပ်ပိုးပစ္စည်းအရွယ်အစားနှင့် လိုက်လျောညီထွေစွာ ဖော်ပြရမည်၊ သို့သော် စာလုံးမည်း၏ အငယ်ဆုံးစားလုံးသည် ၁. ၅ မီလီမီတာအမြင့်ထက် မငယ်စေရ) -

(က) နို့စို့ကလေးအတွက် ဖော်စပ်စာ -

(၁) 'မိခင်နို့မတိုက်ကျွေးသော ကလေးအတွက်သာ သုံးရန်ဖြစ်သည်'

(၂) 'ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ အသုံးပြုရမည်'

(၃) 'လျော်ကန်စွာဖျော်စပ်အသုံးမပြုပါက ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်သည်'

(၄) 'မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဖြစ်သည်'

(ခ) ကလေးငယ်အတွက် ဖော်စပ်စာ -

(၁) 'မိခင်နို့မတိုက်ကျွေးသော ၆ လ ပြည့်ပြီးကလေးအတွက်သာ သုံးရန်ဖြစ်သည်'

(၂) 'ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ အသုံးပြုရမည်'

(၃) 'လျော်ကန်စွာဖျော်စပ်အသုံးမပြုပါက ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်သည်'

(၄) 'ကလေးငယ်အား အခြားအစားအသောက်များပါ ဖြည့်စွက်ကျွေးရန်လိုသည်'

(၅) 'မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဖြစ်သည်'

(ဂ) ကျန်းမာရေးအတွက် သီးသန့်ဖော်စပ်စာ -

(၁) '----- အတွက်ဖော်စပ်ထားသော အစာ' (ကွက်လပ်နေရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရည်ညွှန်းထားသော WHO/FCH/CAH/09.01: Acceptable medical reasons for use of breast-milk substitutes ပါ သက်ဆိုင်ရာ ရောဂါအမည်/ရောဂါအခြေအနေကို ရေးရန်)

(၂) 'အသက် ----- အရွယ် ကလေးအတွက်' (ကွက်လပ်နေရာတွင် ကလေးအသက်ဖြည့်ရန်)

(၃) 'သက်ဆိုင်ရာဆရာဝန်၏ ကြီးကြပ်မှုဖြင့်သာ အသုံးပြုရမည်'

(ဃ) ဖော်စပ်ဖြည့်စွက်စာ -

(၁) 'ကလေးအသက် ၆ လပြည့်ပြီးမှသာ တိုက်ကျွေးရန်'

(၂) 'မိသားစုအစားအစာများအား အစားထိုးရန်မဟုတ်'

(၃) 'မိခင်နို့ကို ကလေး ၂ နှစ်ထိ ဆက်လက်တိုက်ကျွေးပါ'။

၈။ မည်သူမဆို အပိုဒ် ၂ (ဃ) နှင့် ၂ (င) တွင် ဖော်ပြထားသည့် အစားအသောက်များနှင့် အသွင်သဏ္ဌာန်အားဖြင့်လည်းကောင်း၊ အသုံးပြုပုံအားဖြင့်လည်းကောင်း ဆင်တူသော်လည်း နို့စို့ကလေးနှင့် ကလေးငယ်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သည့် သို့မဟုတ် သက်ဆိုင်ရာတာဝန်ရှိသူက နို့စို့ကလေးနှင့် ကလေးငယ်အတွက် မသင့်လျော်ဟု ဆုံးဖြတ်သည့် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်၏ အမှတ်တံဆိပ်တွင် အောက်ပါအချက်များကို 'အထူးသတိပြုရန်' ဟူသော ပိုမိုပေါ်လွင်သည့် အနီရောင်စာသား ခေါင်းစဉ်နှင့်အတူ အပိုဒ် ၇ တွင် ဖော်ပြထားသည့်အတိုင်း စာလုံးမည်းများဖြင့် ထင်ထင်ရှားရှား ဖော်ပြပါရှိမှသာ ယင်းအစားအသောက်ကို ထုတ်လုပ်၊ ဖြန့်ဖြူး သို့မဟုတ် ဈေးကွက်တင်ခွင့်ရှိသည် -

(က) 'အသက် ၂ နှစ်အောက်ကလေး သောက်သုံးရန်မဟုတ်'

(ခ) 'လျော်ကန်စွာအသုံးမပြုပါက ကျန်းမာရေးဘေးအန္တရာယ် ရှိနိုင်သည်'။

**အခန်း (၄)**

**ဈေးကွက်တင်ခြင်း**

၉။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူသည် ဈေးကွက်တင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့အပြင် ယင်းနှင့်အလားတူ အဓိပ္ပာယ်သက်ရောက်စေသော အပြုအမူများကို ပြုလုပ်ခွင့်မရှိ -

(က) ပင်ရင်းဖြန့်ချိသောနေရာတွင်လည်းကောင်း၊ တစ်ဆင့်ခံ အရောင်းဆိုင်များတွင်လည်းကောင်း ရောင်းအားမြှင့်တင်ရန် အထူးခင်းကျင်းပြသခြင်း သို့မဟုတ် ပြိုင်ပွဲများပြုလုပ်ခြင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆွဲဆောင်စည်းရုံးခြင်း အားပေးတိုက်တွန်းခြင်း၊ သုံးစွဲရန် ညွှန်းဆိုခြင်း၊

(ခ) လျှော့ဈေးဖြင့်ရောင်းခြင်း၊ လျှော့ဈေးကူပွန်များပေးခြင်း၊ ဝယ်ယူလျှင် လက်ဆောင်၊ ကံစမ်းမဲ တစ်ခုခုပေးခြင်း၊ ဝယ်သူအား တစ်နည်းနည်းဖြင့် အကျိုးခံစားခွင့် ပြန်ပေးခြင်း၊

(ဂ) အထူးဈေးရောင်းပွဲများပြုလုပ်ခြင်း၊ အခြားပစ္စည်းတစ်ခုခုဖြင့် တွဲဖက်ရောင်းခြင်း၊ လက်ဆင့်ကမ်းရောင်းခြင်း၊ လက်ရောက်လိုက်လံရောင်းခြင်း၊

(ဃ) ရောင်းအားကောင်းဆုများ ပေးခြင်း၊ ဝန်ဆောင်ခ၊ ကော်မရှင်ခ မြင့်မားစွာပေးခြင်း၊

(င) သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုး ရောင်းအားကောင်းစေမှု အပေါ် အခြေခံပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေထပ်မံပေးခြင်း၊

(စ) ဝန်ထမ်းတစ်ဦးလျှင် သတ်မှတ်အစားအသောက် သို့မဟုတ် ဆက်စပ်တိုက်ကျွေးပစ္စည်း မည်မျှ ရောင်းချရမည်ဟု သတ်မှတ်ခြင်း၊

(ဆ) ပြည်သူလူထုသိရှိရန် စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်သံတို့ကို အသုံးပြု၍ဖြစ်စေ၊ အီလက်ထရောနစ် နည်းပညာတစ်မျိုးမျိုးကိုအသုံးပြု၍ဖြစ်စေ၊ ကြော်ငြာဆိုင်းဘုတ်များ၊ လမ်းဖြတ်နဖူးစည်းစာတန်းများ၊ ကြော်ငြာအလံများ၊ ဗီနိုင်း၊ ပိုစတာ၊ လက်ကမ်းစာစောင်များ စသည်တို့အပြင် ယင်းတို့နှင့်အလားတူ ပစ္စည်းများ အသုံးပြု၍ဖြစ်စေ၊ အနုပညာရှင်များ၊ အားကစားသမားများစသည့် လူသိများ ထင်ရှား ကျော်ကြားသူများနှင့် ယင်းတို့၏မိသားစုများမှတစ်ဆင့်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ သတင်း အချက်အလက် ပေးခြင်း၊

(ဇ) သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နမူနာအဖြစ် ပေးခြင်း၊ ဆုအဖြစ် ပေးခြင်း၊ လက်ဆောင်အဖြစ် ပေးခြင်း၊ ကံစမ်းမဲဖောက်ခြင်း ယင်းသို့ ဆောင်ရွက်နိုင်ရန် ကူညီခြင်း၊ ထောက်ပံ့ခြင်း၊

(ဈ) ကျန်းမာရေးဌာနပရဝုဏ်အတွင်း ဈေးကွက်တင်ခြင်းနှင့်စပ်လျဉ်းသောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ကိုယ်ဝန်ဆောင်အမျိုးသမီး၊ နို့စို့ကလေး/ကလေးငယ်ရှိသောမိခင်၊ ကလေးပြုစုစောင့်ရှောက်သူနှင့် ယင်းတို့၏မိသားစုဝင်များအား စီးပွားရေးလုပ်ငန်းသဘောအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့ဆက်ဆံခြင်း။

၁၀။ အမိန့်ပါ သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်း သို့မဟုတ် အပိုဒ် ၈ အရ အကျုံးဝင်သည့် အစားအသောက်တစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူ သို့မဟုတ် ယင်းတို့မှ ခန့်အပ်ထားသော ဝန်ထမ်း သို့မဟုတ် ယင်းတို့၏အထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူထားသော ပုဂ္ဂလိကပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို ပြုလုပ်ခွင့်မရှိ -

(က) ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်သူအား သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုးကို လျှော့ဈေးဖြင့်ရောင်းခြင်း၊ နမူနာပေးခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်အဖြစ်ပေးခြင်း၊ ဆုအဖြစ်ပေးခြင်း၊

(ခ) ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်သူအား ကိုယ်အလေးချိန်ပြဇယား၊ အမှတ်အသားပြလက်ပတ်များ၊ ပိုစတာများ၊ ရေးမှတ်ရန် စက္ကူစာအုပ်ငယ်များ၊ ဘောပင်၊ ပြက္ခဒိန်၊ ကစားစရာအရုပ် စသည့် လုပ်ငန်းသုံးကိရိယာများနှင့် ဌာနသုံးပစ္စည်းများ၊ အခြားလုပ်ငန်းသုံး ကိရိယာများနှင့် ဌာနသုံးပစ္စည်းများအပြင် ထီး၊ လက်ဆွဲအိတ်၊ ခရီးဆောင်အိတ် စသည်တို့ကို လှူဒါန်းခြင်း၊ ဖြန့်ဝေခြင်း၊ တပ်ဆင်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကူညီခြင်း၊

(ဂ) ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်သူအား လက်ဆောင်ပေးခြင်း၊ ပညာသင်ဆုပေးခြင်း၊ သုတေသနပြုရန် အထောက်အပံ့ပေးခြင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတွင် အစည်းအဝေး တက်ရောက်ရန်၊ လေ့လာဆည်းပူးရန် သို့မဟုတ် ပညာရပ်ဆိုင်ရာအစည်းအဝေးများ တက်ရန် စရိတ်ထောက်ပံ့ခြင်း သို့မဟုတ် ငွေကြေးအထောက်အပံ့များ ပေးခြင်း၊

(ဃ) မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲများ၊ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့် သက်ဆိုင်သော အာဟာရပညာပေးဆွေးနွေးပွဲများ၊ နို့စို့ကလေး သို့မဟုတ် ကလေးငယ်အာဟာရနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲများ ပြိုင်ပွဲများ၊ တယ်လီဖုန်းဖြင့် နှစ်သိမ့်ဆွေးနွေးခြင်းများတွင် ထောက်ပံ့ကူညီခြင်း၊

(င) မိခင်၊ ကလေးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရာတွင်ဖြစ်စေ၊ ကလေးမွေးဖွားရာတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့ပေးခြင်း။

## အခန်း (၅)
## သတင်းအချက်အလက်ပေးခြင်းနှင့် ပညာပေးခြင်း

၁၁။ ဤအမိန့်ပါ သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်း သို့မဟုတ် အပိုဒ် ၈ အရ အကျုံးဝင်သည့် အစားအသောက်တစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူ သို့မဟုတ် ယင်းတို့မှ

ခန့်အပ်ထားသော ဝန်ထမ်း သို့မဟုတ် ယင်းတို့၏ အထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူထားသော ပုဂ္ဂလိကပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကိုယ်ဝန်ဆောင်အမျိုးသမီး၊ နို့စို့ကလေး သို့မဟုတ် ကလေးငယ်ရှိသော မိခင်၏ စားသောက်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ နို့စို့ကလေး သို့မဟုတ် ကလေးငယ်အား အစားအသောက်တိုက်ကျွေးခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ -

(က) ဆက်သွယ်ပြောဆိုဆွေးနွေးခြင်းကို ကျန်းမာရေးစောင့်ရှောက်သူအားလည်းကောင်း၊ ပြည်သူလူထုအားလည်းကောင်း မပြုလုပ်ရ၊

(ခ) သတင်းအချက်အလက်ပေးခြင်းနှင့် ပညာပေးခြင်းအစီအစဉ်များကို ကျန်းမာရေးဌာနတွင်ဖြစ်စေ၊ အခြားမည်သည့်နေရာတွင်ဖြစ်စေ မဆောင်ရွက်ရ၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပညာပေးအထောက်အကူပြုပစ္စည်းများကို ကျန်းမာရေးဌာနမှတစ်ဆင့် ဖြန့်ဝေခြင်းမှလွဲ၍ အခြားမည်သည့်နည်းနှင့်မှ ဖြန့်ဝေခြင်း မပြုလုပ်ရ။

၁၂။ မည်သူမဆို နို့စို့ကလေး သို့မဟုတ် ကလေးငယ်အား အစားအသောက်တိုက်ကျွေးမှုဆိုင်ရာ ပညာပေးသတင်းအချက်အလက်တို့ကို လူတစ်ဦး၊ လူတစ်အုပ်စု သို့မဟုတ် ပြည်သူလူထုအား တိုက်ရိုက်ထိတွေ့၍ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေမှုမှတစ်ဆင့်ဖြစ်စေ အသံ၊ ရုပ်သံ စသည့် ထုတ်လွှင့်မှုမှတစ်ဆင့်ဖြစ်စေ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖော်ပြသည့်အခါ -

(က) မြန်မာဘာသာစကားဖြင့် ရေးသားပြောဆိုဖော်ပြရမည်၊

(ခ) လက်ရှိလက်ခံထားသည့် မှန်ကန်သော သတင်းအချက်အလက်ဖြစ်ရမည့်အပြင် အောက်ပါဖော်ပြချက်များ ထင်ရှားစွာပါရှိရမည် -

(၁) ကလေးအသက် ၆ လပြည့်ပြီးသည်အထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းနှင့် ကလေးအသက် ၂ နှစ်အထိ သို့မဟုတ် ၂ နှစ်ကျော်လွန်သည်အထိ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် အားသာချက်များ၊

(၂) အချိန်မတန်ဘဲ ဖြည့်စွက်စာကျွေးခြင်း၊ နို့ဘူးဖြည့်စွက်တိုက်ကျွေးခြင်းတို့သည် မိခင်နို့တိုက်ကျွေးခြင်းအပေါ် မည်သို့ အနှောင့်အယှက်ပေးနိုင်ကြောင်း ရေးသားပြောဆိုဖော်ပြခြင်း၊

(၃) ကလေးအသက် ၆ လပြည့်ပြီးချိန်မှစ၍ မိခင်နို့အပြင် ဖြည့်စွက်စာကျွေးရန် အရေးကြီးပုံနှင့် ဖြည့်စွက်စာများကို ဒေသအတွင်း ဝယ်ယူရရှိသောပစ္စည်းများနှင့် မိမိအိမ်တွင် အလွယ်တကူပြင်ဆင်တိုက်ကျွေးနိုင်ကြောင်းဖော်ပြခြင်း၊

(၄) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အာဟာရပြည့်ဝစေရန်နှင့် ကလေးအားမိခင်နို့တိုက်ကျွေးရေးအတွက် ကြိုတင်ပြင်ဆင်ရန် အလေးထားဖော်ပြခြင်း၊

(ဂ) အောက်ပါအဓိပ္ပာယ်မျိုး သက်ဝင်စေသည့် စာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ ကာတွန်းရုပ်ပြ၊ သရုပ်ဖော်ပုံ သို့မဟုတ် အလားတူဖော်ပြချက်များ မပါရှိစေရ -

(၁) မိခင်နို့တိုက်ကျွေးမှုကို ထောက်ခံအားပေးခြင်းမပြုဘဲ နို့ဘူးတိုက်ကျွေးခြင်းကို အားပေးအားမြှောက်ပြုသည့် ဖော်ပြချက်များ၊

(၂) သတ်မှတ်အစားအသောက်တစ်မျိုးမျိုးသည် မိခင်နို့နှင့်တူသည် သို့မဟုတ် ယှဉ်နိုင်သည် သို့မဟုတ် သာသည်ဟူသော ဆုံးဖြတ်ချက်မျိုး သက်ရောက်သည့် ဖော်ပြချက်များ၊

(၃) သတ်မှတ်အစားအသောက်တစ်မျိုးမျိုးကို တိုက်ကျွေးရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆွဲဆောင်စည်းရုံးသည့် ဖော်ပြချက်များ၊

(၄) သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုး၏အမည်၊ သင်္ကေတ အမှတ်တံဆိပ်များနှင့် ယင်းတို့ကို ထုတ်လုပ်သော ကုမ္ပဏီ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူအမည်များ၊

(ယ) သတ်မှတ်အစားအသောက်နှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုး၏ သတင်းအချက်အလက်ကို လိုအပ်၍ ဖော်ပြရသည့်အခါတွင် မှန်ကန်တိကျသော သတင်းအချက်အလက်ဖြစ်ရမည့်အပြင် သုံးစွဲရန် လိုအပ်သည့်အခြေအနေ၊ စနစ်တကျ သုံးစွဲရမည့်နည်းလမ်း၊ သုံးစွဲလျှင် ကုန်ကျမည့်စရိတ်၊ ကြုံတွေ့နိုင်သည့် လူမှုရေးအခက်အခဲ၊ ထိခိုက်နိုင်သည့် ကလေး၏ ကျန်းမာရေးအခြေအနေများကို တစ်ပါတည်းဖော်ပြရမည်။

## အခန်း (၆)
## စောင့်ကြပ်ကြည့်ရှုခြင်း

၁၃။ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့် အကောင်အထည် ဖော်မှုကို ကြီးကြပ်ကွပ်ကဲနိုင်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်း၍ အဖွဲ့အစည်းတစ်ရပ်ရပ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်သည် နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့် အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲ၍ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

၁၅။ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်သည် ဤအမိန့်ပါ စည်းကမ်း ချက်များကို သက်ဆိုင်သူများက လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများအား အရေးယူခြင်းတို့ကို ကျင့်သုံးဆောင်ရွက်ရမည်။

၁၆။ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးစောင့်ရှောက်သူများသည် ဤအမိန့်၏ ရည်ရွယ်ချက်များကို သိရှိနားလည်၍ ပံ့ပိုးကူညီဆောင်ရွက်ရမည့်အပြင် ပြဋ္ဌာန်းချက်များနှင့် လျော်ညီစွာပြုမူရန်နှင့် ဤအမိန့်ပါ စည်းကမ်းချက်များကို သက်ဆိုင်သူများက လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုရန်လည်း တာဝန်ရှိသည်။

၁၇။ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းအတွက် ဘဏ္ဍာငွေသုံးစွဲမှုကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာဦးစီးဌာနရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၇)
## အရေးယူခြင်း

၁၈။ မည်သူမဆို ဤအမိန့်ပါ မည်သည့်သတ်မှတ်ချက်ကိုမဆို လိုက်နာမှုမရှိလျှင် သို့မဟုတ် ဖောက်ဖျက် လျှင် အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၁ အရ အရေးယူအပြစ်ပေးခြင်း ခံရမည်။

ဒေါက်တာဖေသက်ခင်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၊
ကျန်းမာရေးဝန်ကြီးဌာန။

# ဧရာဝတီတိုင်းဒေသကြီး
# အလတ်စားနှင့်အသေးစားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ
# ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၁/၂၀၁၄ )

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ဧရာဝတီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စများနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာကို ဆိုသည်၊

(င) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ရေအားသုံးစက်မှဖြစ်စေ၊ လေအားသုံးစက်မှဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်၊

(စ) **အသေးစားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အောက်ရှိ လျှပ်စစ်ဓာတ်အားကို ဆိုသည်၊

(ဆ) **အလတ်စားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်မှ ၃၀ မဂ္ဂါဝပ်အထိ ဓာတ်အားကို ဆိုသည်၊

(ဇ) **လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်**ဆိုသည်မှာ အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို ဆိုသည်၊

(ဈ) **လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို အများပြည်သူသုံးစွဲနိုင်ရန် ဖြစ်စေ၊ ပုဂ္ဂလိကပိုင်သုံးစွဲခြင်းဖြစ်စေ၊ စီးပွားရေးအရ ဓာတ်အားဖြန့်ဖြူးရောင်းချရန်ဖြစ်စေ၊ အခြားကိစ္စရပ်များတွင် သုံးစွဲရန်ဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးအတွက် စူးစမ်းရှာဖွေခြင်းကို ဆိုသည်၊

(ည) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ ရေအားသုံးစက်မှုဖြစ်စေ၊ လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ်ဓာတ်အားကို စနစ်တကျထုတ်လုပ်ခြင်းကို ဆိုသည်၊

(ဋ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် ဓာတ်အားလိုင်းများသွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျပို့လွှတ်ခြင်းများကို ဆိုသည်၊

(ဌ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူထံ စနစ်တကျဖြန့်ဖြူးခြင်းကို ဆိုသည်၊

(ဍ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ဗို့အားနှင့် လျှပ်စီးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကို ဆိုသည်၊

(ဎ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခွင့်ရရှိသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုမှ ထုတ်လုပ်သည့် ဓာတ်အားကိုရယူ၍ ကိုယ်ပိုင်သုံးစွဲခြင်း သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအတွက် သုံးစွဲခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအတွက် သုံးစွဲခြင်းပြုသူကို ဆိုသည်၊

(ဏ) **လျှပ်စစ်ဓာတ်အားစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်၊

(တ) **လျှပ်စစ်စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်း တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ဝန်ကြီးက ဖွဲ့စည်းပေးထားသောအဖွဲ့ကို ဆိုသည်၊

(ထ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ**ဆိုသည်မှာ ၃၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓာတ်အားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများထံ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့် အဖွဲ့အစည်းကို ဆိုသည်၊

(ဒ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးထားသောလက်မှတ်ကို ဆိုသည်၊

(ဓ) **လျှပ်စစ်ကျွမ်းကျင်လုပ်သား**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်သည် အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊

(ခ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ

၅။ အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၆။ အစိုးရအဖွဲ့သည် အောက်ပါလျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည် -

(က) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိကလုပ်ငန်းများ၊

(ခ) အခြားသီးခြားအဖွဲ့အစည်းများ။

၇။ အစိုးရအဖွဲ့သည် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ) ပါ လုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

၈။ အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည် -

(က) လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

## အခန်း (၄)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားတိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျတပ်ဆင်အသုံးပြုရမည်၊ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်၊

(ဃ) ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက်ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတွင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် မရှိစေရန် ဆောင်ရွက်ရမည်၊

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သော မြေနေရာရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူရမည်၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်၊

(ဈ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်း သုံးစွဲခြင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်၊

(ည) လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဌ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွက် မရရှိပါက လျှပ်စစ်ဓာတ်အားဖြတ်တောက်ခွင့်ရှိသည်။

၁၀။ လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်း မရှိစေရ၊

(ခ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်းရိုက်ရာတွင် အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မပြုရ။

၁၁။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာရရှိအောင်ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားရမည်။

၁၂။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အမိန့်ကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ အစိုးရအဖွဲ့၏ သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားနည်းအားဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

## အခန်း (၅)
## လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ -

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျတောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့်ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူနေထိုင်ရာနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ် အခြေအနေဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာစစ်ဆေးခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၄။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် မိမိအား အပ်နှင်းထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၅။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူအသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၆။ လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန် ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့်ပတ်သက်၍ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေးခွင့်ရှိသည်။

၁၇။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့် ပစ္စည်းကိရိယာများ မှန်ကန်မှု ရှိ၊ မရှိ စသည့် ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၁၈။ ပုဒ်မ ၁၇ အရ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## အခွန်အခပေးဆောင်ခြင်း

၁၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရသူသည် နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားမတည်ငွေဖြင့်လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အစိုးရအဖွဲ့က သတ်မှတ်ထားသည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားပမာဏအလိုက် ကျသင့်သည့် အခွန်အခကို ပေးဆောင်ရမည်။

၂၀။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ နှင့် ၁၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဖြန့်းတီးခြင်း၊ တရားမဝင်ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၃။ မည်သူမဆို လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် (၃) သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)
## လျော်ကြေးသတ်မှတ်ခြင်း

၂၄။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော လျော်ကြေး။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ အရ ထိခိုက်နစ်နာလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီးဆုံးရှုံးသောပစ္စည်းအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

## အခန်း (၁၀)
## အထွေထွေ

၂၆။ လျှပ်စစ်ဓာတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျှင် နစ်နာမှုလျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်။

၂၇။ ဤဥပဒေပုဒ်မ ၂၂ အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၈။ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ကို ထုတ်ပေးနိုင်သည်။

၂၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်။

၃၀။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူထံမှ ၎င်းဆောင်ရွက်နေသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်းပေါ်ပေါက်ခဲ့လျှင် အစိုးရအဖွဲ့သည် ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေ
# ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၂/၂၀၁၄ )

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုသည်၊

(င) **လမ်း**ဆိုသည်မှာ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် လမ်း၏ တစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များနှင့် လမ်းများတွင်ရှိသော တံတားများလည်းပါဝင်သည်၊ (သို့ရာတွင် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းသည့်လမ်းများ မပါဝင်)

(စ) **တံတား**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောတံတားကို ဆိုသည်၊

(ဆ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်၊

(ဇ) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်၊

(ဈ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ၊ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုလိုသည်၊

(ည) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင်တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာတစ်မျိုးမျိုးကို ဆိုသည်၊

(ဋ) **အသုံးပြုသူ**ဆိုသည်မှာ လမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုသူကို ဆိုသည်၊

(ဌ) **အသုံးပြုခြင်း**ဆိုသည်မှာ လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်၊

(ဍ) **အသုံးပြုခ**ဆိုသည်မှာ လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့်အခကို ဆိုသည်၊

(ဎ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရေး ကြီးကြပ်ရန်အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်၊

(ဏ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းဖြင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ မြို့နယ်တစ်ခုနှင့်တစ်ခု၊ ခရိုင်တစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး အပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းနှင့်တံတားများ တိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် တိုင်းဒေသကြီးအတွက် အခွန်အခများ ရရှိနိုင်ရန်။

## အခန်း (၃)
## ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့်တံတားများဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်မည့် လမ်းနှင့်တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) လမ်းနှင့်တံတားများ၏နယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းများဖောက်လုပ်ရန်၊ တိုးချဲ့ရန်လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ အစိုးရအဖွဲ့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ -

(က) အသုံးပြုခကောက်ခံရမည့် လမ်းနှင့်တံတားကို သတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထား သတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၇။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း (၄)

## တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၊ တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ရေးအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များ စိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ၏ လမ်းပခုံးသားအကျယ် သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ တိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့်ယာဉ်နှင့် ဘီးအမျိုးအစားများကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိလမ်းများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယာဉ်စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ ပျက်စီးမှုမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဠ) တိုင်းဒေသကြီးအတွင်းရှိလမ်းကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏နယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများ အတွက် စိစစ်ခွင့်ပြုခြင်း၊

(ဍ) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသော ယာဉ်နှင့် ဝန်တင်အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့်တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၉။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၀။ အသုံးပြုခပေးဆောင်ခြင်းကို မည်သူမျှ ပျက်ကွက်ခြင်းမပြုရ။

၁၁။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရ။

၁၂။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။

၁၃။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း-တံတားဂိတ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် လမ်း-တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့် တန်ပိုတင်ဆောင်လာ၍ ယာဉ်ငယ်များဖြင့်ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို မပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် အစိုးရအဖွဲ့၏ သတ်မှတ်သော နည်းလမ်းအတိုင်း ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၅။ မည်သူမဆို ပုဒ်မ-၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို (၆) လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ-၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို (၃) လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၇။ မည်သူမဆို ပုဒ်မ-၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို (၁) လထက် မပိုသော ထောင်ဒဏ် ကျခံစေရမည်။

၁၈။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိလမ်းများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း (သို့မဟုတ်) ဆောက်လုပ်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ၏ နယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၉။ မည်သူမဆို အောက်ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိလမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိလမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိလမ်းများ၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

၂၀။ မည်သူမဆို အောက်ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅) သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပျက်စီးခြင်းမှ ကာကွယ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများတွင် လူည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော် လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်းဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

## အခန်း (၇)

## အထွေထွေ

၂၁။ အစိုးရအဖွဲ့၏လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး၏လမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၂၂။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူသိရှိနိုင်စေရန် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ မထုတ်ပြန်မီ လမ်းမကြီးများဆိုင်ရာ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်များနှင့်ညွှန်ကြားချက်များကို ကျင့်သုံးနိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကိုဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃/၂၀၁၄ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၈ ရက် )

**နိဒါန်း**

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား (၂) တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ဒေသန္တရစီမံကိန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့်လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်းနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ ယင်းဒေသန္တရစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများစသည့်စီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၀. ၄ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂၉. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၄. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၇. ၄ ရာခိုင်နှုန်း လျော့နည်းရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၃၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၅၃.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇.၁ ရာခိုင်နှုန်းမှ ၄၇.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၄.၆ ရာခိုင်နှုန်းမှ ၁၄.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၃ ရာခိုင်နှုန်းမှ ၃၉.၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၃၈၆၈၇ မှ ကျပ် ၁၀၇၂၃၈၆ သို့ ပြောင်းလဲဖြစ်ပေါ်လာစေရန်။

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁) နှင့် (၂) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဥပဒေအရထုတ်ပြန်ထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပူးတွဲ-၁

**ဧရာဝတီတိုင်းဒေသကြီး၏**
**၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၆၆၂၈၉၈. ၁** | **၄၇. ၁** | **၁. ၄** | **၂၈၂၀၆၄၄. ၁** | **၄၇. ၀** | **၅. ၉** |
| | ၁ | လယ်ယာ | ၁၇၆၀၂၅၀. ၃ | ၃၁. ၁ | ၀. ၂ | ၁၈၆၂၉၈၃. ၃ | ၃၁. ၀ | ၅. ၈ |
| | ၂ | သားငါး | ၈၉၂၃၉၁. ၅ | ၁၅. ၈ | ၃. ၉ | ၉၄၇၄၄၀. ၉ | ၁၅. ၈ | ၆. ၂ |
| | ၃ | သစ်တော | ၁၀၂၅၆. ၃ | ၀. ၂ | ၀. ၉ | ၁၀၂၁၉. ၉ | ၀. ၂ | -၀. ၄ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၈၂၈၀၆၇. ၆** | **၁၄. ၆** | **၉. ၆** | **၈၄၁၁၅၆. ၁** | **၁၄. ၀** | **၁. ၆** |
| | ၄ | စွမ်းအင် | ၃၆၅၄၁. ၇ | ၀. ၆ | ၀. ၉ | ၄၇၂၂၀. ၂ | ၀. ၈ | ၂၉. ၂ |
| | ၅ | သတ္တုနှင့်တွင်းထွက် | ၉၅၉၉. ၆ | ၀. ၂ | ၀. ၁ | ၁၀၀၀၁. ၃ | ၀. ၂ | ၄. ၂ |
| | ၆ | စက်မှုလက်မှု | ၄၅၆၅၈၃. ၈ | ၈. ၁ | ၁၁. ၁ | ၄၇၉၆၂၆. ၅ | ၈. ၀ | ၅. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၂၆၀၆. ၆ | ၂. ၁ | ၁၄. ၀ | ၁၃၆၇၈၃. ၁ | ၂. ၂ | ၁၁. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၂၇၃၅. ၉ | ၃. ၆ | ၅. ၉ | ၁၆၇၅၂၅. ၀ | ၂. ၈ | -၁၇. ၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၁၆၈၆၆၈. ၂** | **၃၈. ၃** | **၉. ၇** | **၂၃၄၆၀၅၄. ၄** | **၃၉. ၀** | **၈. ၂** |
| | ၉ | ပို့ဆောင်ရေး | ၉၂၅၉၉၇. ၉ | ၁၆. ၃ | ၈. ၂ | ၉၄၃၁၃၇. ၇ | ၁၅. ၇ | ၁. ၉ |
| | ၁၀ | ဆက်သွယ်ရေး | ၁၄၅၅၄၉. ၄ | ၂. ၆ | ၇၂. ၂ | ၂၁၆၇၇၃. ၉ | ၃. ၆ | ၄၈. ၉ |
| | ၁၁ | ငွေရေးကြေးရေး | ၄၇၂၄. ၈ | ၀. ၁ | ၄၀. ၁ | ၆၆၁၁. ၀ | ၀. ၁ | ၃၉. ၉ |
| | ၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၇၄၀၅. ၀ | ၁. ၅ | ၂. ၉ | ၁၃၃၉၇၁. ၀ | ၂. ၂ | ၅၃. ၃ |
| | ၁၃ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၃၄၃၂၀. ၃ | ၂. ၄ | ၁၃. ၄ | ၁၅၃၃၈၇. ၉ | ၂. ၆ | ၁၄. ၂ |
| | ၁၄ | ကုန်သွယ်မှု | ၈၇၀၆၇၀. ၈ | ၁၅. ၄ | ၅. ၀ | ၈၉၂၁၇၂. ၉ | ၁၄. ၈ | ၂. ၅ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၆၅၉၆၃၃. ၉** | **၁၀၀. ၀** | **၅. ၆** | **၆၀၀၇၈၅၄. ၆** | **၁၀၀. ၀** | **၆. ၂** |

ပူးတွဲ-၂

## ဧရာဝတီတိုင်းဒေသကြီး၏
## ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၄၉၀၉၆၅. ၇** | **၆၁. ၇** | **၃. ၂** | **၃၆၆၁၈၀၀. ၂** | **၆၁. ၀** | **၄. ၉** |
| | ၁ | လယ်ယာ | ၁၇၆၀၂၅၀. ၃ | ၃၁. ၁ | ၀. ၂ | ၁၈၆၂၉၈၃. ၃ | ၃၁. ၀ | ၅. ၈ |
| | ၂ | သားငါး | ၈၉၂၃၉၁. ၅ | ၁၅. ၈ | ၃. ၉ | ၉၄၇၄၄၀. ၉ | ၁၅. ၈ | ၆. ၂ |
| | ၃ | သစ်တော | ၁၀၂၅၆. ၃ | ၀. ၂ | ၀. ၉ | ၁၀၂၁၉. ၉ | ၀. ၂ | -၀. ၄ |
| | ၄ | စွမ်းအင် | ၃၆၅၄၁. ၇ | ၀. ၆ | ၀. ၉ | ၄၇၂၂၀. ၂ | ၀. ၈ | ၂၉. ၂ |
| | ၅ | သတ္တုနှင့်တွင်းထွက် | ၉၅၉၉. ၆ | ၀. ၂ | ၀. ၁ | ၁၀၀၀၁. ၃ | ၀. ၂ | ၄. ၂ |
| | ၆ | စက်မှုလက်မှု | ၄၅၆၅၈၃. ၈ | ၈. ၁ | ၁၁. ၁ | ၄၇၉၆၂၆. ၅ | ၈. ၀ | ၅. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၂၆၀၆. ၆ | ၂. ၁ | ၁၄. ၀ | ၁၃၆၇၈၃. ၁ | ၂. ၂ | ၁၁. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၂၇၃၅. ၉ | ၃. ၆ | ၅. ၉ | ၁၆၇၅၂၅. ၀ | ၂. ၈ | -၁၇. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂၉၇၉၉၇. ၄** | **၂၂. ၉** | **၁၃. ၂** | **၁၄၅၃၈၈၁. ၅** | **၂၄. ၂** | **၁၂. ၀** |
| | ၁ | ပို့ဆောင်ရေး | ၉၂၅၉၉၇. ၉ | ၁၆. ၃ | ၈. ၂ | ၉၄၃၁၃၇. ၇ | ၁၅. ၇ | ၁. ၉ |
| | ၂ | ဆက်သွယ်ရေး | ၁၄၅၅၄၉. ၄ | ၂. ၆ | ၇၂. ၂ | ၂၁၆၇၇၃. ၉ | ၃. ၆ | ၄၈. ၉ |
| | ၃ | ငွေရေးကြေးရေး | ၄၇၂၄. ၈ | ၀. ၁ | ၄၀. ၁ | ၆၆၁၁. ၀ | ၀. ၁ | ၃၉. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၇၄၀၅. ၀ | ၁. ၅ | ၂. ၉ | ၁၃၃၉၇၁. ၀ | ၂. ၂ | ၅၃. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၃၄၃၂၀. ၃ | ၂. ၄ | ၁၃. ၄ | ၁၅၃၃၈၇. ၉ | ၂. ၆ | ၁၄. ၂ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၇၀၆၇၀. ၈** | **၁၅. ၄** | **၅. ၀** | **၈၉၂၁၇၂. ၉** | **၁၄. ၈** | **၂. ၅** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၆၅၉၆၃၃. ၉** | **၁၀၀. ၀** | **၅. ၆** | **၆၀၀၇၈၅၄. ၆** | **၁၀၀. ၀** | **၆. ၂** |

# ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၄ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာန များသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ ရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင်

ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၀။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၁။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၂)**

**တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍**
**တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ**

၁၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၃၆၀၀.၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၃.၃၅၀ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၁.၆၀၄ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၁၄၅ | | | | | | |
| | | ပေါင်း | | | ၁၀၅.၀၉၉ | | | ၃၆၀၀.၀၀၀ | | | |

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်<br>( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

အမှတ် ၆ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၆၈၃ (ဃ)/-ထူး/၄-နစရ/ဝကရ (၂၈၈) အရ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးသော ကြည်း-၄၃၀၉၇ ဗိုလ်ကြီးသန့်ဇင်ဝင်းအား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ အင်အားတိုးယူပြီး ရုံးချုပ်တွင် တာဝန်ချထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

အမှတ် ၇ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၄) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမှ အောက်ဖော်ပြပါ အရာထမ်းများအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါရာထူးနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်/ရာထူး/လစာနှုန်း | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးတင်မောင်မြင့်<br>ဌာနမှူး (စီမံ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) | ဒုတိယကျောင်းအုပ်ကြီး<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) |
| ၂။ | ဒေါ်ရီရီညွန့်<br>ဌာနမှူး (အရှေ့တိုင်းပညာဌာန)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) | ဌာနမှူး (စီမံ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) |

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက် )

အမှတ် ၈ ။ ။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ စာအမှတ်၊ အဆင့်မြင့်/ဝန်-၂ (ဌာနကူးပြောင်း)/၂၀၁၄ (၇၅) အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း၊ သမိုင်းဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ကထိက ဒေါ်စန်းစန်းယုအား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှစ၍ သန္တေဝန်ထမ်းအဖြစ် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

အမှတ် ၇ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အတွင်းရှိ လမ်းမကြီးများ အဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့် ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်း အမှတ်စဉ် (၈၁) တွင် အောက်ဖော်ပြပါအတိုင်း ပြင်ဆင် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

ရှမ်းပြည်နယ်

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင် သာယာရေး အဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၈၁။ | မောက်မယ်-ဝမ်ဟတ်-လင်းခေးလမ်း | | | ၂၈ | ၂ | | | | | ယခင်ကြေညာခဲ့သည့် (၂၆) မိုင်အစား (၂၈ မိုင် ၂ ဖာလုံ) ဟု ပြင်ဆင်ကြေညာခြင်း ဖြစ်ပါသည်။ |

ရှမ်းပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင် ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင် အရှည်ကို (၅၄၈၉ မိုင် ၅ ဖာလုံ) အစား (၅၄၉၁ မိုင် ၇ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် )

အမှတ် ၈ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်း အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

ပဲခူးတိုင်းဒေသကြီး

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၂။ | ကြို့ပင်ကောက်-ဇီးကုန်းလမ်း (လမ်းကောက်လမ်း) | | | ၇ | ၂ | ၂၇၇ | | | | |

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင် ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်း မိုင်အရှည်ကို (၉၀၈ မိုင် ၁ ဖာလုံ ၅၇၈ ပေ) အစား (၉၁၅ မိုင် ၄ ဖာလုံ ၁၉၅ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

အမှတ် ၀၆၃ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် ရက်စွဲပါစာအမှတ်၊ ၁/၁၉၀ (က) (၃)/(၂၉၁/၂၀၁၄) တို့အရ အပူပိုင်း

ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်-၃ အား သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး/ဒုတိယ ပါမောက္ခ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာသို့ ဒုတိယညွှန်ကြားရေးမှူး အလုပ်တာဝန် များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန

### ရုံးအမိန့်စာအမှတ် (၄/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၆/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ခ) (၄) (၁၄၉၄/ ၂၀၁၃) တို့အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ နေပြည်တော်ကောင်စီနယ်မြေတိုင်းရုံးမှ ဌာန ကူးပြောင်းလာသည့် အောက်ဖော်ပြပါ လက်ထောက်မန်နေဂျာ (၂) ဦးအား ဤဦးစီးဌာနတွင် လက်ထောက် မန်နေဂျာနှင့်အဆင့်တူ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများသို့ တာဝန် ဝတ္တရားများ စတင်ဆောင်ရွက်သည့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင် စေလိုက်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | တာဝန်ချထားသည့်ဌာန |
|---|---|---|
| ၁။ | ဒေါ်ဟယ်လင် | မူဝါဒ/စီမံကိန်း |
| ၂။ | ဦးဇော်ရဲနိုင် | ပတ်ဝန်းကျင် |

### ရုံးအမိန့်စာအမှတ် (၁၆/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပသော စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါစာအမှတ်၊ ၁/၁၉၀ (က) (၁) (၇၇၉/၂၀၁၄) တို့အရ ဤဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်ထွန်းလင်း (စီးပွားရေးနှင့်ဆက်သွယ်ရေးဌာနခွဲ) အား စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀- ၂၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်<br>( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**SHWE WUTT HMONE INTERNATIONAL TRADING COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **SHWE WUTT HMONE INTERNATIONAL TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၀-၁၁-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Mould & Die Industry Co., Ltd.**

(အစုရှင်များ၏ဆန္ဒအရဖျက်သိမ်းဆဲ)

[မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င)]

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**Mould & Die Industry Co., Ltd.** အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၁၀-၁၁-၂၀၁၄) ရက်နေ့ နံနက် (၁၀း၃၀) နာရီတွင် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ၄၁-လမ်း၊ အမှတ် ၁၂၂၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

သောင်းအေး
B.A., C.P.A (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မော်ကြီး ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**Maw Gyi Trading Co., Ltd.**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မော်ကြီး ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Maw Gyi Trading Co., Ltd.)** အား (၁၂-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး B.A, C.P.A (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

AUNG MYO MINN
Managing Director
Maw Gyi Trading Company Limited.

ဦးသောင်းအေး
B.A., C.P.A (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၀၄

**ဇူလိုင်မိုး ကုမ္ပဏီလီမိတက်**

**July Moe Co., Ltd.**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင် များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဇူလိုင်မိုး ကုမ္ပဏီလီမိတက် (July Moe Co., Ltd.)** အား (၂၃-၉-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး B.A, C.P.A (R.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Aung Myo Win
Managing Director
July Moe Co., Ltd.

ဦးသောင်းအေး
B.A., C.P.A (R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၀၄